**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၃၈)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၁-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့အစည်းအဝေးသို့ ခွင့်ပန်ကြား သူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး အနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၂ ရက်၊

(၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၂ ရက်၊

(၄) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

(၅) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၆) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

(၇) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၉) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၁၀) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၁၁) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၁၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၁၃) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၄) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၁ ရက်၊

(၁၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၁၆) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၁၇) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

(၁၈) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၁၉) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၂၀) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်နှင့်

(၂၁) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီ ၁၉ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသောကော်မတီ ၁၉ ခုအား သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် ၅-၉-၂၀၁၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ ကော်မတီ ၁၈ ခုရဲ့ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့ နောက်တစ်ရက်ဖြစ်သော ၅-၉-၂၀၁၄ ရက်မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမှာဖြစ်သလို တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ သက်တမ်းကိုလည်း တစ်နှစ်ပြည့်မြောက်သောနေ့ နောက်ရက်ဖြစ်သော ၇-၈-၂၀၁၄

ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သွားမှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ (၆) လနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ (၆) လစာရင်းများအရ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမှုမရှိသော အသုံးစရိတ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ စိစစ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံရန် အစီအစဉ်အစမို့လို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ ပထမ ၆ လ နဲ့ပတ်သက်တဲ့ မေးခွန်းလေးပဲ ဖြစ်ပါတယ်။ ဒီ ၆ လထဲမှာတောင် မှားယွင်းမှုများ မြောက်မြားစွာရှိတဲ့အထဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဆိုတဲ့အခါမှာ တရားစီရင်ရေးမှာ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှာ တည်ဆဲဥပဒေကိုလိုက်နာရန် ပျက်ကွက်မှုဖြစ်တဲ့ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ကိုက်ညီမှုမရှိသော အသုံးစရိတ်တွေကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ဒီ တရားစီရင်သော တရားရုံးချုပ်မှာ ဖြစ်တဲ့အသုံးစရိတ်နဲ့ပတ်သက်လို့ Misuse ဖြစ်တဲ့ အမှုက Frequency အများဆုံးဖြစ်တာကို ဆိုလိုတာပါ။ ဥပမာဆို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပထမ ၆ လမှာ သာမန်အသုံးစရိတ်နဲ့ပတ်သက်ပြီးတော့ အမှုက ၆ ခုရှိနေပြီးတော့ ပြစ်မှုကျူးလွန်တဲ့ ဝန်ထမ်း

ကလည်း ၂၄ ဦး ရှိတာဖြစ်ပါတယ်။ ငွေတန်ဖိုးကလည်း ဒီဟာက ၆ လအတွင်း စစ်ဆေးတွေ့ရှိချက်ဖြစ်ပါတယ်။ မတွေ့ရသေးသော မသိမမြင်နိုင်သော အခြားအမှုများဆိုတာ အများကြီးရှိပါသေးတယ်။ ငွေတန်ဖိုးအရလည်း ဒီအမှု ၆ ခုက အသေးအဖွဲ့လို့ဆိုပေမယ့် ၁.၁၁၉ ကျပ်သန်းပေါင်း ဖြစ်ပါတယ်။ အဲ့ဒီတော့နိုင်ငံအတွက် ဒီ ၆ လလေးမှာတောင် ဒီလိုဖြစ်နေရင် နှစ်ပေါင်းမြောက်မြားစွာကတည်းက Establish ဖြစ်ခဲ့တဲ့ တရားရုံးကြီးမှာ ဒီလောက်နှစ်ပေါင်းမြောက်မြားမှာဆိုရင် ဒီလိုအမှုပေါင်းဟာ မြောက်မြားစွာရှိမယ်လို့ ခန့်မှန်းရတဲ့အတွက်ကြောင့် ကျွန်မကဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ မေးခွန်းမေးရတာကလည်း ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ပတ်သက်ပြီး ဆောင်ရွက်မှုများကို မေးခြင်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များကို သုံးစွဲတဲ့အခါမှာ ဘဏ္ဍာရေးစည်းမျဉ်းသတ်မှတ်ထားတဲ့ ဥပဒေစည်းမျဉ်းကို မလိုက်နာဘူးဆိုတာက ဖောက်ဖျက်တဲ့သဘောပဲ ဖြစ်ပါတယ်။ အဲ့ဒီတော့ ငွေလုံးငွေရင်းအသုံးစရိတ်ကနေပြီးတော့ သုံးစွဲတဲ့အခါမှာ ဘဏ္ဍာရေးစည်းမျဉ်းကို ဖောက်ဖျက်တယ်ပဲထပ်ပြောပါရစေ။ ဘဏ္ဍာရေးစည်းမျဉ်းရဲ့ ဘဏ္ဍာရေးကျင့်စဉ်ကြီးများကို ဖောက်ဖျက်တယ်လို့ပြောပါရစေ။ ဘာလို့လဲဆိုတော့ သာမန်ဉာဏ်အမြော်အမြင်ရှိတဲ့သူ တစ်ယောက်က မိမိရဲ့ငွေကို သုံးသလိုသုံးရမယ်ဆိုတော့ ငွေလုံးငွေရင်း အသုံးစရိတ်များသုံးတဲ့အခါမှာလည်း လုပ်ထုံးလုပ်နည်းတွေ ဒီတည်ဆဲ ဘဏ္ဍာရေးကျင့်စဉ်ကြီးများကို လိုက်နာမှုမရှိတာကို တွေ့ရပါတယ်။ အဲ့တော့ တစ်နည်းအားဖြင့်ဆိုရင် ငွေလုံးငွေရင်း အသုံးစရိတ်ဆိုလျှင် ငွေ (Amount) များတဲ့ အတွက်ကြောင့် မို့လို့ တင်ဒါခေါ်ယူရမယ့်ကိစ္စတွေ၊ ဥပမာ တည်ဆောက်ရေးလုပ်ငန်းတွေမှာဆိုရင် တင်ဒါခေါ်ပြီးတော့ ဆောက်လုပ်ခြင်းမတွေ့ဘဲနဲ့ ကော်မတီဖွဲ့ပြီးတော့ ဆောင်ရွက်ခြင်းမတွေ့ရပါဘူး။ အဲ့ဒီတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို စိစစ်ရေးကော်မတီဖွဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ က မလုပ်ခဲ့တဲ့အတွက် အခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ပြီးလို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထဲရောက်နေပါပြီ။ အဲ့ဒီတင်ဒါခေါ်တဲ့ကိစ္စများ ငွေလုံးငွေရင်းအသုံးစရိတ်များကို မည်ကဲ့သို့ဆောင်ရွက်နေပါသလဲ သိချင်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာ

အပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဒေါ်တင်နွယ်ဦးရဲ့ မေးခွန်းမှာကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ ၆ လစာရင်းများအရ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမှုမရှိတဲ့ အသုံးစရိတ်များနှင့် ပတ်သက်ပြီးတော့ မည်ကဲ့သို့ ဆောင်ရွက်ထားကြောင်းကို သိလိုကြောင်း မေးမြန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ၆ လ စစ်ဆေးတွေ့ရှိချက်မှာ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီမှုမရှိတဲ့ တာယာအဟောင်းများ၊ ဘက်ထရီအဟောင်းများ ရောင်းရငွေကျပ်ပေါင်း ၀.၁၀၂ သန်းပေးသွင်းဖို့ ကျန်ရှိကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။ အဲ့လို စာရင်းပေါ်ပေါက်ခြင်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်စိစစ်ပြီးတော့မှ ၂၅-၃-၂၀၁၄ ရက်နေ့မှာပဲ ဒီစာရင်းပေါ်တဲ့ ကျွန်တော်တို့ ငွေကျပ် ၀.၁၀၂ သန်းကို ပြန်လည်ပေးသွင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်းမှာပဲ ငွေစာရင်း ခေါင်းစဉ်အသီးသီးကနေပြီးကျခံသုံးစွဲခဲ့တဲ့ အသုံးစရိတ်ငွေပေါင်းကျပ် ၁၂.၄၇၅ သန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်းမှာ ထုတ်ယူခဲ့ခြင်းနဲ့ပတ်သက်ပြီးတော့ နောင်မှာတော့ ဒီလိုအသုံးစရိတ်များ ကျခံသုံးစွဲတဲ့အခါမှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ခွင့်ပြုရန်ပုံငွေများမှ ကျခံသုံးစွဲမည်ဖြစ်ပါကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပြန်ကြားပြီးဖြစ်ပါကြောင်းကိုလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ရုံးသုံးစက်ကိရိယာခေါင်းစဉ်များအောက်မှာ ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၅.၃၀၀၀ကို ထပ်ခံခွဲဝေချထားခြင်းဟာ အမျိုးသားစီမံကိန်းဥပဒေမှာ ပါဝင်ခြင်းမရှိတဲ့အတွက် နောင်မှာတော့ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်စေရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ ဥက္ကဋ္ဌကြီးရှင်။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုတာ နှစ်မျိုးရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး ပထမ ၆ လပတ်မှာသာမန်အသုံးစရိတ်နဲ့ပတ်သက်လို့ ကျူးလွန်မှုတွေ ငွေ (Amount) မပြောတော့ပါဘူး။ တွက်ချက်မှုမှားယွင်းတဲ့ ကျူးလွန်မှု၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းနှင့် မညီတဲ့ မှားယွင်းမှု၊ ပေးချေသင့်တာထက်ပိုပြီးထုတ်ယူတဲ့၊ ငွေကိုပိုထုတ်ယူတဲ့မှားယွင်းမှု၊ ၂ ရာခိုင်နှုန်းအခွန် မဖြတ်တောက်ခြင်းအတွက်မှားယွင်းမှု၊ စံနှုန်းဒေသစံနှုန်း Standard Price တွေရှိပါတယ်။ စာရင်းရုံးတွေက ထုတ်ပြန်ထားတာ နှစ်စဉ်ထုတ်ပြန်ထားတာရှိပါတယ်။ အဲ့ဒီတော့ Standard Price နဲ့ ဒေသဈေးနှုန်းတွေနဲ့ ကွဲလွဲတဲ့မှားယွင်းမှု၊ မျက်မြင်တိုင်းတာမှုအရ လျော့နည်းတဲ့ မှားယွင်းမှုဆိုတဲ့ အလားတူ မှားယွင်းမှုပေါင်း မြောက်မြားစွာရှိတာကို ဆိုလိုတာပါ။ သာမန်အသုံးစရိတ်မှာ ဒါပေမယ့် အခိက ကျွန်မပြောချင်တာကတော့ ငွေလုံးငွေရင်းအသုံးစရိတ်ကိုပြောချင်တာပါ။ ငွေလုံးငွေရင်း အသုံး စရိတ်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အတိအကျပြောရရင် သန်းပေါင်း ၁၄၄ သန်းချထားပေးပြီးတော့ ရှမ်းပြည်နယ်အစိုးရရဲ့ ရှမ်းပြည်နယ်တရားလွှတ်တော်ဝင်းအတွင်းမှာ ဝန်ထမ်းအိမ်ရာတွေကို ကျပ် သန်း ၁၄၄ သန်းဖိုးဆောက်လုပ်မယ်ဆိုပြီးတော့ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီရဲ့ အတည်ပြုချက်တွေကိုရယူထားတာ မရှိတာကို မတွေ့ရပါဘူး။ အဖွဲ့ဖွဲ့ပြီးတော့ တင်ဒါခေါ်မယ်လို့ ပြောထားပါတယ်။ အဲ့ဒီတော့အခု ရှမ်းပြည်နယ်မှာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ကို ဖွဲ့စည်းပြီးပါပြီလား။ တကယ်လို့ ဖွဲ့စည်းပြီးဆောင်ရွက်ထားတယ်ဆိုရင် ဘယ်အချိန်က ဆောင်ရွက်ထားလဲသိလိုပါတယ်။ အဲ့ဒီတော့ လုပ်ငန်းခန့်မှန်းခြေစာရင်းတွေကိုလည်း စိစစ်သွားရမှာ ဖြစ်ပါတယ်။ အခြားနောက်ဆက်တွဲအလုပ်တွေမြောက်မြားစွာရှိပါတယ်။ ကျွန်မတို့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရောက်နေပြီဖြစ်ပါတယ်။ အဲ့ဒီတော့ ၂၀၁၃-၂၀၁၄ မှာရှိတဲ့ ရှမ်းပြည်နယ် တရားလွှတ်တော် ဝင်းမှာရှိတဲ့ ဝန်ထမ်းအိမ်ရာ ကျပ်သန်း ၁၄၄ ကိုတင်ဒါမခေါ်ဘဲနဲ့ ဆောင်ရွက်တော့ အဲ့ဒီတုန်းက အဖွဲ့ ဖွဲ့မယ်လို့ပြောခဲ့တော့ အဖွဲ့များဖွဲ့ပြီးပါပြီးလား။ သိချင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဖွဲ့ပြီးတော့ ဘယ်လိုထပ်မံပြီးတော့ ငွေလုံးငွေရင်း အသုံးစရိတ်တွေကို ဘယ်လိုဘဏ္ဍာရေးစည်းမျဉ်းနဲ့ လုပ်ကိုင် နေတာလဲ သိချင်လို့မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းမှာမေးမြန်းစဉ်တုန်းကတော့ အသေးစိတ် မေးမြန်းထားတာ မဟုတ်တဲ့အတွက် ယေဘုယျပဲမေးမြန်းထားတာဖြစ်တဲ့အတွက် အသေးစိတ်မေးတဲ့

**မူကြမ်း**

နောက်ဆက်တွဲ မေးခွန်းကို ဒီနေရာမှာ ပြန်ဖြေကြားနိုင်ခြင်းမရှိပါဘူး။ စာနဲ့ပြန်လည်ဖြေကြားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့်ပတ်သက်သည့် လာဘ်ပေးလာဘ်ယူအမှု (၃)မှုမှာ မည်သည့်အမှုများဖြစ်သည်၊ တရားရေးဝန်ထမ်းများနှင့်ပတ်သက်သော တိုင်ကြားစာများအနက် ထင်ရှားမှုရှိသောအမှုအရေအတွက် မည်မျှရှိသည်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်း ကတော့ နဝမအကြိမ် ပြည်သူ့လွှတ်တော်မှာ လာဘ်ပေးလာဘ်ယူဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး တော့ ကြယ်ပွင့်ပြမေးခွန်း ကျွန်တော် မေးခဲ့ပါတယ်။ ဒါပေမယ့် ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုရဲ့ ဖြေကြားချက်ကို လွှတ်တော်ပြီးတော့မှ ကျွန်တော်စာနဲ့ လက်ခံရရှိပါတယ်။ အဲ့ဒီမှာ ကျွန်တော် အချက်တစ်ချက်တွေ့ပါတယ်။ ဒီလာဘ်ပေးလာဘ်ယူဖြစ်ပေါ်ခဲ့တဲ့ အဖွဲ့အစည်းတွေ နဲ့ပတ်သက်ပြီးတော့ ဘယ်အဖွဲ့အစည်းက ဘယ်နှစ်မှုကျူးလွန်တယ်လို့ ဖော်ပြတဲ့အခါမှာ ပြည်ထောင်စုတရားရုံးချုပ်က ၃ မှုပဲပါပါတယ်။ ဒီလွှတ်တော်ထဲမှာပဲ တိုင်ကြားစာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုကနေ တိုင်ကြားစာ တစ်သောင်းကျော်မှာ တရားသူကြီးတွေကို တိုင်တဲ့ဟာ ထောင်ပေါင်းများစွာ ရှိပါတယ်ဆိုပြီးတော့ အတိအလင်းပြောခဲ့ပါတယ်။ အဲ့ဒါကြောင့် သုံးမှုဆိုတဲ့ကိစ္စကို ရှင်းလင်းဖို့အတွက် အခုဒသမအကြိမ်မှာ ကျွန်တော် မေးခွန်းဆက်မေးရခြင်းဖြစ်ပါတယ်။ မေးခွန်း ကတော့ လာဘ်ပေးလာဘ်ယူအရေးယူဆောင်ရွက်ရေးကော်မတီ၏ ဖြေကြားချက်တွင် ပါဝင်သော ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးနှင့်ပတ်သက်၍ ဖြစ်ပေါ်ခဲ့သော လာဘ်ပေးလာဘ်ယူအမှု ၃ မှုမှာ မည်သည့်အမှုများ ဖြစ်ပါသနည်း။ အဆိုပါအမှုနှင့်ပတ်သက်၍ စီမံခန့်ခွဲရေးနည်းလမ်းအပြင် ဥပဒေကြောင်းအရ တရားစွဲအရေးယူမှုရှိပါသလား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အတည် ဖြစ်ခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့အထိ တရားသူကြီး များ၊ တရားရေးဝန်ထမ်းများနှင့်ပတ်သက်၍ တိုင်ကြားစာများ မည်မျှရရှိခဲ့ပါသနည်း။ တိုင်ကြားစာများ နှင့် ပေါ်လွင်ထင်ရှားမှုရှိသော အမှုအရေအတွက် မည်မျှရှိပါသနည်း။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သော

**မူကြမ်း**

အမှုအရေအတွက် မည်မျှရှိသည်ကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားပါမယ်။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကို လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်မှုကော်မတီက ပေးပို့တဲ့အမှုကတော့ ၃ မှုပဲရှိပါတယ်ခင်ဗျား။ ဒါကတော့ လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီက ပေးပို့တဲ့အမှုဖြစ်ပါတယ်။ အဲ့ဒီအမှု ၃ မှုကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ဒေါ်ချိုချိုဝင်းကြည်က မိမိရဲ့ငွေများကို စာချုပ်စာတမ်းဖြင့် လိမ်ယူသွားတဲ့ တရားခံပြေး ဦးထွန်းလင်းအောင်အပေါ် ခြောက်ဦးကို ပြစ်ဒဏ်မှ အကာအကွယ်ပေးပြီးတော့ လာဘ်ငွေများယူတယ်ဆိုတဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးကို အရေးယူပေးဖို့ ပြန်တိုင်ကြားတဲ့အမှုက တစ်မှုဖြစ်ပါတယ်။ နောက် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့နယ်နေ ကိုသိန်းအေးကနေပြီး လောင်းကစားဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က)အရ တရားစွဲဆိုခြင်းခံရတဲ့ မမာမာဝင်းရဲ့အမှုမှာ ကျောက်တံခါးမြို့နယ်တရားရုံးမှ ရုံးအကူ ဝန်ထမ်းကနေပြီးတော့ လာဘ်ငွေကျပ် တစ်သိန်းတောင်းတဲ့အတွက် အရေးယူပေးပါလို့ တိုင်ကြားတဲ့ အမှုတစ်မှုဖြစ်ပါတယ်။

နောက် ကျောက်တံခါးမြို့နယ်၊ သုဋ္ဌေးကုန်းကျေးရွာမှာ ဦးစီကူမားကို ကျောက်တံခါးမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုတဲ့နေရာမှာ တရားလွှတ်တော်ရှေ့နေ ဦးကျော်စိုးမိုးမှတစ်ဆင့် တရားသူကြီးကို လာဘ်ငွေပေးတဲ့အတွက် အရေးယူပေးပါရန် တိုင်ကြားတဲ့ အမှုဆိုပြီးတော့ ၃ မှုဖြစ်ပါတယ်။ ဒီ ၃ မှုနဲ့ပတ်သက်ပြီးတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြို့နယ် တရားရုံးက တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့အပေါ်မှာ တိုင်ကြားတဲ့အမှု နဲ့ပတ်သက်ပြီးတော့ကာ လာဘ်ပေးလာဘ်ယူ အရေးယူဆောင်ရွက်ရေးကော်မတီကနေပြီးတော့ ပဏာမစစ်ဆေးမှုပြုလုပ်ပါတယ်။ ပဏာမစစ်ဆေးမှုပြုလုပ်ပြီးတော့ကာ လာဘ်ပေးလာဘ်ယူတောင်း

ခံကြောင်းအထောက်အထားများ မတွေ့ရှိရဘူးလို့ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူ အရေးယူမှု ဆောင်ရွက်ရေးကော်မတီကနေ တွေ့ရှိပါတယ်။ မတွေ့ရတဲ့အတွက် အမှုနဲ့ပတ်သက်ပြီးတော့ လာဘ်ပေးလာဘ်ယူမှုနဲ့ အရေးယူရန်မရှိသော်လည်းပဲ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားမှုကို ပြန်လည်တင်ပြပေးဖို့ အကြောင်းကြားခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း အမှုမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားကြောင်း စုံစမ်းတွေ့ရှိရတဲ့အတွက် ပြန်ကြားထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်မှုကတော့ ကျောက်တံခါးမြို့နယ် တရားရုံးက ရုံးအကူဝန်ထမ်းက လောင်းကစားမှုမှာ လာဘ်ငွေတောင်းခံတယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့လည်းပဲ လာဘ်ပေးလာဘ်ယူအရေးယူ ဆောင်ရွက်ရေးကော်မတီကလည်းပဲ ပဏာမစစ်ဆေးမှုများ ပြုလုပ်ပါတယ်။ ပဏာမစစ်ဆေးမှုများပြုလုပ်ပြီးတော့ နောက်ပိုင်းမှာ တွေ့ရှိချက်နှင့်ပတ်သက်ပြီးတော့ ပြန်လည်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တင်ပြလာတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီအမှုမှာ စုံစမ်းမှုပြုလုပ်တဲ့အခါမှာတော့ ဒီလာဘ်ပေးတယ်ဆိုတဲ့ တိုင်ကြားသူကိုယ်တိုင်ကနေပြီးတော့ ထင်ရှားအောင် ထွက်ဆိုနိုင်ခြင်း၊ သက်သေတင်ပြနိုင်ခြင်း မပေါ်ပေါက်တာတွေ့ရတဲ့အတွက် သက်ဆိုင်ရာဝန်ထမ်းအပေါ်မှာ အမှုအရ တရားစွဲဆိုတဲ့မှုအရ လုံလောက်တဲ့အထောက်အထားမရှိပါဘူး။ ဒါကြောင့် စီမံခန့်ခွဲရေးနည်းလမ်းအရလည်း သူ့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ကြောင်း တင်ပြအပ်ပါတယ်။

နောက် ကျောက်တံခါးမြို့နယ် ဦးစီကူမားရဲ့ တိုင်ကြားချက်နဲ့ပတ်သက်လို့လည်း လာဘ်ပေးလာဘ်ယူ အရေးယူဆောင်ရွက်ရေးကော်မတီကပဲ အဲ့ဒီမှာတော့ အဓိကကျတဲ့သက်သေခံချက်များရဲ့ သုံးသပ်ချက်အပေါ်မှာ မြို့နယ်တရားသူကြီးရဲ့သုံးသပ်ချက်ဟာ သင့်လျော်မှုရှိ/မရှိကိုပဲ သူက စိစစ်ပေးဖို့ ပြန်လည်ပေးပို့တာဖြစ်ပါတယ်။ စိစစ်တဲ့အခါမှာတော့ မြို့နယ်တရားသူကြီးဟာ အမှုမှန်ပေါ်ပေါက်တဲ့ သက်သေခံချက်များအပေါ်မှာတော့ မိမိရဲ့ဆင်ခြင်တုံတရားအရ သုံးသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို တွေ့ရကြောင်းကို ပြန်လည်အကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူ အရေးယူ ဆောင်ရွက်ရေးကော်မတီက အကြောင်းကြားခဲ့တဲ့ အမှုတွေနဲ့ပတ်သက်ပြီးတော့ ဒီနေ့အထိ လက်ခံရရှိတဲ့တိုင်စာပေါင်း ၁၃ စောင်ဖြစ်ပြီးတော့ စုံစမ်းစစ်ဆေးပြီးတော့ မမှန်မကန်ပိတ်သိမ်းတဲ့ တိုင်စာပေါင်းက ခုနစ်စောင်ရှိပါတယ်။ စုံစမ်းစစ်ဆေးဆဲတိုင်စာက ၆ စောင်ရှိပါတယ်။ ဒီမှာ အရေးယူဆောင်ရွက်တဲ့အမှုက တစ်စောင်ရှိပြီးတော့ကား ရန်ကင်းမြို့နယ် တွဲဖက်တရားသူကြီးအပေါ်မှာတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ တရားစွဲဆိုထားပါကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ ဒီမေးခွန်းကလည်း ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက် Eleven သတင်းစာမှာ လာဘ်ငွေ သိန်း ၅၀ ယူတဲ့ တရားသူကြီး မုံရွာမြို့နယ်က တရားသူကြီး ဒေါ်ခင်လဲ့လဲ့ အကြောင်း အတိအလင်းရေးသားထားပါတယ်။ သိန်း ၅၀ ယူတဲ့အကြောင်းကိုပဲ သူ့ခင်ပွန်းကိုယ်တိုင် အချက်အလက်ပြည့်စုံတယ် ပြောခဲ့ပါတယ်။ အဲ့ဒီပြောခဲ့တဲ့အပေါ်မှာ အဲ့ဒီတရားသူကြီးကိုကျတော့ ဖျာပုံမြို့နယ်တရားရုံးကို ဒုတိယမြို့နယ်တရားသူကြီးအဖြစ် ရာထူးသုံးနှစ်လျှော့ပြီးတော့ ပြောင်းရွှေ့ဖို့ ချမှတ်ခဲ့ပါတယ်။ စီမံခန့်ခွဲရေးနည်းလမ်းနဲ့သာ အရေးယူပြီးတော့ လာဘ်ပေးလာဘ်ယူဖို့ ဥပဒေအရ၊ အခု အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေအရ အရေးယူဖို့အစီအစဉ်ရှိ/မရှိ။ နောက်မေးခွန်းတစ်ခုကတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို တိုင်ကြားစာပို့တဲ့ မြို့နယ်တရားသူကြီးဟောင်းပေါ့ အခုတော့ ဦးမင်းသော်ထွေး။ ဒီလွှတ်တော်မှာလည်း ဒေါ်လဲ့လဲ့ဝင်းဆွေတို့၊ သူရဦးအောင်ကိုတို့ သူ့တိုင်ကြားစာနဲ့ပတ်သက်ပြီးတော့ အကျယ်တဝံ့ဆွေးနွေးခဲ့ပါတယ်။ အဲ့တော့ သူ့ကို အရေးယူတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေဆီကို တိုင်လို့အရေးယူတယ်ဆိုတဲ့အချက်က မှန်ကန်ပါသလား။ မှန်ကန်လို့ရှိရင် ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်တွေကို တိုင်ကြားမှုပေးပို့တဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းတွေက ပေးပို့နိုင်ခွင့်မရှိဘူးလား။ အဲ့ဒါ မေးခွန်းတွေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းရအောင် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့် မေးတဲ့ နောက်ဆက်တွဲမေးတဲ့ မေးခွန်းများကတော့ ယခု ကြိုတင်ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ မပါဝင်တဲ့မေးခွန်းများဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းများနှင့်ပတ်သက်ပြီးတော့ ဖြေကြားဖို့ရန်အတွက် အဆင်သင့်မရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အစားအသောက်လုံခြုံရေး(Food Safety)နှင့် ပတ်သက်၍ အမျိုးသားအစားအသောက်ဥပဒေနှင့်အညီ မည်ကဲ့သို့ စီမံထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း

**မူကြမ်း**

ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ လူထုများဟာ နေ့စဉ်နဲ့အမျှ စားသောက်နေရတဲ့ အစားအသောက်များနှင့် ပတ်သက်ပြီးတော့ လုံခြုံမှု Food Safety ကိုရယူလိုကြပါတယ်။ မသန့်ရှင်းတဲ့၊ အန္တရာယ်ရှိတဲ့ စားသုံးဆီတွေ၊ ဆိုးဆေးများ အသုံးပြုထားတဲ့ အစားအသောက်တွေ၊ အန္တရာယ်ရှိ ဓာတုပစ္စည်း တွေပါဝင်တဲ့ အစားအသောက်တွေ၊ အတုဖန်တီးထားတဲ့ အစားအသောက်တွေနဲ့ ရောဂါပိုးမွှားတွေ ကပ်ငြိနေတဲ့အစားအသောက်တွေဟာ အန္တရာယ်တွေဟာ သိရှိနိုင်ဖို့ စမ်းသပ်မှုတွေ၊ စစ်ဆေးမှု တွေ အများကြီးလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူလူထုအနေနဲ့ လွယ်ကူစွာသိရှိနိုင်ဖို့ ခဲယဉ်းကြပါတယ်။ အစားအသောက် လုံခြုံမှုရှိစေရန် အတွက် ကျန်းမာရေးဝန်ကြီးဌာနကလည်း အမျိုးသားအစားအသောက်ဥပဒေနဲ့ ဝန်ဆောင်မှုပေးပြီး တော့ အဲ့ဒီဥပဒေရဲ့ရည်ရွယ်ချက်၊ ဖွဲ့စည်းတာဝန်ပေးမှုများ၊ လိုင်စင်လျှောက်ထားပေးခြင်းများ၊ အစား အသောက်နှင့် ပတ်သက်၍ ဖြစ်နိုင်သောအန္တရာယ်များမှကာကွယ်မှုများ၊ စမ်းသပ်စစ်ဆေးမှုများ၊ စည်းကမ်းဖောက်ဖျက်ကျူးလွန်သူများအတွက် ပြစ်ဒဏ်များမှာ အလွန်စနစ်ကျတာ တွေ့ရပါတယ်။ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဖွဲ့စည်းပြီး ဗဟိုအဆင့်မှာလည်း ဆောင်ရွက်နေတာတွေ့ ရပါတယ်။

သို့သော်လည်း ဒီဥပဒေနဲ့ ဒီဗဟိုအဆင့်မှာဖွဲ့စည်းထားတဲ့ အစားအစာ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနဟာ ဗဟိုအဆင့်မှာပဲ ဆောင်ရွက်ပြီးတော့ မြို့နယ်အဆင့် ပြည်သူကြားမှာ ဆိုးဆေးများနှင့် မသန့်ရှင်းတဲ့အစားအသောက်တွေ ရောင်းချနေတာတွေ၊ ကျောင်းသားလူငယ်များ အကာအကွယ်မဲ့ အန္တရာယ်ရှိသော အစားအသောက်တွေ စားသောက်နေတာတွေ၊ အရည်အသွေးမမီတဲ့ အစား အသောက်များကို ရောင်းဝယ်ဖောက်ကားနေကြတာတွေကို များစွာတွေ့နေရပါတယ်။ အမျိုးသား စားသောက်မှုတွေမှာပါတဲ့ လုပ်ငန်းစဉ်တွေကို ပြည့်ပြည့်ဝဝ မဆောင်ရွက်နိုင်တာကိုလည်း တွေ့နေရ ပါတယ်။ မြို့နယ်အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ရေးကော်မတီလုပ်ငန်းတာဝန်များ၊ အမျိုးသား အစားအသောက်ဥပဒေပုဒ်မ ၁၉ မှာ ဖော်ပြထားတဲ့အစား အသောက်စစ်ဆေးရေးမှူးများဟာ လုပ်ငန်း တာဝန်များကို ပြည့်ပြည့်ဝဝမဆောင်ရွက်နိုင်ဘဲ အားနည်းနေကြတာကို တွေ့ရပါတယ်။

သို့ပါ၍ အများပြည်သူတို့ရဲ့ အစားအသောက်လုံခြုံမှုရရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားအစားအသောက်ဥပဒေနဲ့အညီ ဆောင်ရွက်သင့်သည်များကို မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ် အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်၊ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကိုထိခိုက်စေသော အစားအသောက်ကို အများပြည်သူတို့ စားသုံးမိခြင်းမှ ကာကွယ်နိုင်ရန်၊ အစားအသောက်များထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန်ဟူသော အမျိုးသားအစားအသောက်ဥပဒေပါ ရည်ရွယ်ချက်များအား အခြေခံ၍ နိုင်ငံတော်အတွင်း ထုတ်လုပ်တင်သွင်းရောင်းချလျက်ရှိသော အစားအသောက်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါတယ်။

ဤကဲ့သို့ဆောင်ရွက်ရာတွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ်၊ ဧပြီလမှာ ဦးစီးဌာနတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းခွင့်ရရှိခဲ့ပြီးနောက် စတင်သက်ဝင်ဆောင်ရွက်ချိန်မှစ၍ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများ ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိရာတွင် အန္တရာယ်ရှိအစားအသောက်များ၊ အရည်အသွေးပြည့်မီမှုမရှိသည့် အစားအသောက်များ၊ ဈေးကွက်ထောက်လှမ်းရေး (Market Surveillance)ကိုလည်း လုပ်ငန်းစဉ်တစ်ခုအဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိရာ မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲ ရေးကော်မတီမှ ကြီးကြပ်၍ ဈေးကွက်နမူနာ

ကောက်ယူခြင်း၊ ဓာတ်ခွဲစစ်ဆေးချက်အရ စားသုံးရန်မသင့်သည့် စားသောက်ကုန်များကို သိမ်းဆည်းခြင်း၊ ဖျက်စီးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ နှစ်ဦးပိုင်းမှစ၍ ကျောင်းမုန့်ဈေးတန်း အစားအသောက်အန္တရာယ်ကင်းရှင်းရေး ရွေ့ပြေးစီမံချက်အဖြစ် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ ကျောင်းများတွင် အရောင်ပါထုပ်ပိုး အစားအသောက်နမူနာများ ကောက်ယူစစ်ဆေးခဲ့ပြီး ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်ကာလအတွင်း ဇွန်လမှ ဒီဇင်ဘာလအထိ ကျောင်းမုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်ကို ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခု၌ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာနခွဲ၊ ကျောင်းကျန်းမာရေးဌာနစိတ်နှင့် သက်ဆိုင်ရာမြို့နယ်များရှိ ကျောင်းကျန်းမာရေးအဖွဲ့များ၊ အခြားနှီးနွယ်ဌာနများနှင့် ပူးပေါင်း၍ အရောင်ပါထုပ်ပိုးအစားအသောက်များကို ကျပန်း နမူနာကောက်ယူစစ်ဆေးသွားဖို့ စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လာမည့် ပညာသင်နှစ်များတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

အမျိုးသားအစားအသောက်ဥပဒေတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အစားအသောက်စစ်ဆေးရေးမှူးများ ခန့်အပ်တာဝန်ပေးရန်ပါရှိပါသော်လည်း ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် ရှိခဲ့စဉ် ယခင်ဖွဲ့စည်းပုံအရ အစားအသောက်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များတွင် ကျွမ်းကျင်ဝန်ထမ်းနည်းပါးခြင်းတို့ကြောင့် ဗဟိုအဆင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ အစားအသောက်စစ်ဆေးရေးမှူးများမှ ဆောင်ရွက်ခဲ့ရသဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံမှု လျော့ပါးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အစားအသောက်စစ်ဆေးရေးမှူးများ သတ်မှတ်ခန့်ထားပြီး ဖြစ်ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တိုးချဲ့ဖွဲ့စည်းပုံတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အထိသာ ပါရှိတဲ့အတွက် ခရိုင်နှင့် မြို့နယ်အစားအသောက်ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနရဲ့ အခြေခံကျန်းမာရေးဝန်ထမ်းများမှ အစားအသောက်စစ်ဆေးရေးမှူးတာဝန်များ တွဲဖက်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး အစားအသောက်နှင့် ဆေးဝါး

ကွပ်ကဲရေးဦးစီးဌာနအား ခရိုင်နှင့် မြို့နယ်အဆင့်များအထိ တိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

## ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၇ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနကတင်သွင်းသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်သော ၅-၆-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၆-၂၀၁၄ ရက်နေ့တွင် နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်သွားပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်းနှင့် ဥပဒေကြမ်းကော်မတီတို့ ညှိနှိုင်းချက်အရ ပြင်ဆင်ချက်အဆိုများကို ဥပဒေကြမ်းကော်မတီကသာ တင်သွင်းသွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ဇယားများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် ၉၉ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

ကျွန်တော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၁၂-၆-၂၀၁၄၊ ၁၆-၇-၂၀၁၄၊ ၁၇-၇-၂၀၁၄၊ ၂၄-၇-၂၀၁၄၊ ၂၅-၇-၂၀၁၄၊ ၂၆-၇-၂၀၁၄ရက်နေ့နှင့် ၂၇-၇-၂၀၁၄ ရက်နေ့များတွင် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၊ ကလေးဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေရေးပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်းအဝေးအရ သဘောတူဆုံးဖြတ်ချက်များအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ၉၉ ချက်ကို သဘောတူလက်ခံခဲ့ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ကန့်လန့်ဖြတ်ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းရှိ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၉၉ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အပိုဒ် ၃ မှာ ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ ရက်တွေ၊ အချိန်တွေ အများကြီးပေးပြီး ဆောင်ရွက်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့လည်း ပြင်ဆင်ချက် ၉၉ ချက် ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များထံလည်း ကန့်လန့်ဖြတ်ဇယားများ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားကိုလည်း ပြန်ပြီးတော့ လေ့လာနိုင်ပါတယ်။ ဒီပြင်ဆင်ချက်များနှင့်ပတ်သက်လို့လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက အစည်းအဝေးတွေမှာတက်ရောက်ပြီး အားလုံးသဘောတူခဲ့ကြောင်းလည်း သိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် ၉၉ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**မူကြမ်း**

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ ဥပဒေပါအချက်အလက်တွေအပေါ်မှာ ကန့်ကွက်ရန်မဟုတ်ပါဘူး။ ဒီဥစ္စာက ကျွန်တော်တို့တိုင်းပြည်ဟာ ဈေးကွက်စီးပွားရေးစနစ်ကို သွားနေတဲ့အခြေအနေမှာ Privitization လုပ်ဖို့ကြိုးစားနေတဲ့ကာလမှာ ဒါ coporatization လုပ်ဖို့အတွက် ဥပဒေရေးဆွဲထား တာဖြစ်ပါတယ်။ ဒီအခြေအနေဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ လက်ရှိပြုပြင်ပြောင်းလဲနေတဲ့အခြေအနေအတွက် မှန်ကန်တဲ့ဆောင်ရွက်မှုတစ်ရပ်လို့ ကျွန်တော်တို့ မယူဆပါဘူး။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလိကပိုင်ပြောင်းလဲရမှာပါ။ ဝန်ကြီးဌာနတွေမှာဖြစ်နေတဲ့ အခြေအနေတွေကို ဒီလိုပုံစံမျိုးနဲ့ ဆောင်ရွက်မယ်ဆိုရင် အောင်မြင်နိုင်တဲ့အခြေအနေမရှိပါဘူး။ ဒါပေမယ့် ဒီဥပဒေကြီးတစ်ခုလုံးကို ပြန်ပြီးအကုန်လုံး ဒီတစ်ခုချင်းစီလိုက်ဆွေးနွေးစရာမလိုတော့တဲ့အတွက် ဒီအပိုင်းကိုတော့ မဆွေးနွေးခဲ့ပါဘူး။ ဒါပေမယ့် မူဝါဒရေးရာပိုင်းအရ ဥက္ကဋ္ဌကြီးကို ကျွန်တော်တို့တင်ပြထားတာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကိုပဲရှေးရှုပြီး ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကြိုးစားသင့်တယ်လို့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တင်ပြချက်လည်း သဘောပေါက်နားလည်ပါတယ်။ မူဝါဒဆိုင်ရာဖြစ်ပြီးတော့ ဒီမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်လာတဲ့ဥပဒေကြမ်းတစ်ခုဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ ဒီနေ့ မိမိတို့နိုင်ငံနဲ့ ဖြစ်နိုင်တဲ့၊ ဖြစ်ထိုက်တဲ့အကြောင်းအရာတွေကို တင်လာတဲ့ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးဆုံးဖြတ်ထားတယ်လို့ပဲ ယူဆတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုတင်ပြချက်ကိုတော့ ကျွန်တော်တို့ မှတ်တမ်းအဖြစ်ထားရှိပြီးတဲ့အခါမှာ ဒီလိုဆောင်ရွက်ရေးနှင့်ဒီဥပဒေအတိုင်းဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေ သို့မဟုတ်လို့ရှိရင် အခြားဆိုးကျိုးတွေ၊ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာမယ်ဆိုလို့ရှိရင်တော့ ဒီဟာကိုထောက်ပြပြီးတော့၊ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပြင်စရာရှိတာတွေ ပြင်ကောင်းပြင်ရပါလိမ့်မယ်။ ဒီနေ့တော့ ဒီဥပဒေကြမ်းအရပဲ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနဲ့၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ရမယ့်အနေအထားဖြစ်တယ်လို့ပဲ သုံးသပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ခုနက ကိစ္စကို ပြန်ပြီးတော့ လွှတ်တော်ကို တင်ပြပါ့မယ်။ ရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ၉၉ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၉၉ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကတင်သွင်းသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာပါတယ်။ ယင်းသို့ပြန်လည်ပေးပို့ခြင်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေ

ခွဲ(က)အရ ၄-၇-၂၀၁၄ ရက်နေ့က လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၅ ချက်ကို သဘောတူသင့်ကြောင်းနဲ့ ၇ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်းတင်ပြလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသည့် ၅ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော်ကနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၃၁ ချက်အပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အားတင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အောက်ဖော်ပြပါ ၅ ချက်အားပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူလက်ခံခဲ့ပါသည်။ အစဉ် ၁ ဥပဒေခေါင်းစီး၊ အစဉ် ၂ အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀ အစဉ် ၃ အခန်း(၅) အပိုဒ် ၁၅ အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ပြီးပေးပို့လာသည့် အချက် ၅ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါ သည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ ပြင်ဆင်ချက် ၅ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီကတင်ပြသွားတဲ့ ၅ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် ၇ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိတဲ့ သဘောထားကွဲလွဲသည့် အချက် ခုနစ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ အစဉ် ၁ အခန်း(၄) အပိုဒ် ၄၊ အစဉ် ၂ အခန်း(၄) အပိုဒ် ၆ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အစဉ် ၃ အခန်း(၄) အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)၊ အစဉ် ၄ အခန်း(၄) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)၊ အစဉ် ၅ အခန်း(၅) အပိုဒ် ၁၆၊ အစဉ် ၆ အခန်း(၆) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အစဉ် ၇ အခန်း(၅) အပိုဒ် ၁၈ တို့ဖြစ်ကြပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိသင့်သည့်အချက် ၇ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၇ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၇ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူကြောင်း တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်များတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များ အနက် ၇ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့ အတွက် အဆိုတင်သွင်းဖို့ ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက် ၇ ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် တင်ပြသင့်ကြောင်း ဒီမောဆိုမဲဆန္ဒနယ် ကျွန်တော် ဦးစိုးရယ်မှ ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ ၇ ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောကွဲလွဲချက် ၇ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ဖြစ်သော (၈-၇-၂၀၁၄)ရက်နေ့တွင် လက်ခံ

ရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၇-၂၀၁၄ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၁၈ ချက်အနက် ၁၄ ချက်ကို သဘောတူကြောင်းနဲ့ ၄ ချက်အား သဘောမတူဘဲ ပြင်ဆင်ခဲ့ပါတယ်။ သဘောတူသည့် ၁၄ ချက်နှင့် ပြင်ဆင်ချက် ၄ ချက်အား တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကတင်သွင်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ချက်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ၁၄-၇-၂၀၁၄ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခြင်းမရှိခဲ့ပါ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၃၀-၇-၂၀၁၄ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၁၈ ချက်အနက် ဥပဒေခေါင်းစီး အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ နှင့် အပိုဒ် ၁၇ စုစုပေါင်း အချက် ၁၄

ချက်တို့အားသဘောတူလက်ခံပြီး အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ နှင့် အပိုဒ် ၁၆ စုစုပေါင်း အချက် ၄ ချက်တို့အားပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေကြမ်း၏ တင်ပြချက်ဇယားများကို လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသည့်အချက် ၁၄ ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့်အချက် ၄ ချက်တို့အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးပေါင်း ကန့်လန့်ဖြတ်ဇယားမှာ စာမျက်နှာ ဘယ်နှစ်ခုအထိ ပါပါသလဲ။ ဥပဒေကြမ်းကော်မတီ။ ၁၀ ခုပါပါတယ်။ ဟုတ်လား။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အဲ့တော့ စာမျက်နှာ ၁။ ဒါလေးကို စာမျက်နှာအလိုက် ဖတ်ကြားပြီးတော့ ပြန်လည်အသိပေး ပေးပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ အပြည့်အစုံလား။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ စာမျက်နှာအလိုက်သာ ဖတ်ပြပြီးတဲ့အခါမှာ ဘယ်ဟာကိုပြင်တယ်။ အသေးစိတ်တော့မလိုပါဘူး။ သိပ်များများလည်း ဖတ်စရာမလိုပါဘူး။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ စာမျက်နှာ ၁ အမှတ်စဉ် ၁ အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း၊ အမှတ်စဉ် ၂ အပိုဒ် ၁ အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း၊ အမှတ်စဉ် ၃ အပိုဒ် ၂ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၂ အပိုဒ် ၂ အား ပယ်ဖျက်သည်။ အမှတ်စဉ် ၄ အပိုဒ် ၃ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၃ အမှတ်စဉ် ၅ အပိုဒ် ၄ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၄ အပိုဒ် ၄၊ စာမျက်နှာ ၅ အပိုဒ် ၄ ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်၊ အမှတ်စဉ် ၆ ပြင်ဆင်ရန်တင်ပြချက်မှာ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ အခန်း(၅)၏ ခေါင်းစီးကို အောက်ပါအတိုင်း အစားထိုးရမည်။ တင်သွင်းလွှာကို စိစစ်ခြင်းဆိုတဲ့ဟာကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်ခြင်းဆိုတဲ့စာသား အစားထိုးခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၇ အပိုဒ် ၆ တင်သွင်းလွှာစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်ဆိုတဲ့နေရာမှာ ကျွန်တော်တို့

ဥပဒေကြမ်းကော်မတီက စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်ဟု ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ စာမျက်နှာ ၆ အမှတ်စဉ် ၈ အဆိုပြုပြဋ္ဌာန်းချက် စိစစ်ရေးဆိုတဲ့စာသားကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက စိစစ်ရေးအဖွဲ့ဆိုတဲ့စာသား အစားထိုးပါတယ်။ စိစစ်ရေးဆိုတဲ့ စာသားအစားထိုးပါတယ်ခင်ဗျာ။ အမှတ်စဉ် ၉ အပိုဒ် ၈ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၇ အမှတ်စဉ် ၁၀ အပိုဒ် ၉ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ အမှတ်စဉ် ၁၁ အပိုဒ် ၁၀ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ အမှတ်စဉ် ၁၂ အပိုဒ် ၁၁ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ အမှတ်စဉ် ၁၃ အပိုဒ် ၁၂ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၈ အမှတ်စဉ် ၁၄ အပိုဒ် ၁၃ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၉ အမှတ်စဉ် ၁၅ အပိုဒ် ၁၄ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ အမှတ်စဉ် ၁၆ အပိုဒ် ၁၅ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း၊ စာမျက်နှာ ၁၀ အမှတ်စဉ် ၁၇ အပိုဒ် ၁၆ ပြင်ဆင်ရန်တင်ပြချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄/၂၀၁၃)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထားရှိသင့်သဖြင့် မူလအဆိုပြုပြဋ္ဌာန်းတဲ့ ပြဋ္ဌာန်းချက်ကို ကျွန်တော်တို့အနေနဲ့ ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၈ အပိုဒ် ၁၇ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသည့် ၁၄ ချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၄ ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသည့် ၁၄ ချက်နှင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၄ ချက်အား အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့်ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင် ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ နှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း

၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနဲ့ အတည်ပြုရန် အဆုံးအဖြတ်ရယူခြင်းဆိုပြီးတော့ ဒီနေ့ အစီအစဉ် ၁၁ မှာ ဒီလိုပဲ ဖော်ပြကြေညာထားပါတယ်။ ဒီအစီအစဉ်နဲ့ပတ်သက်ပြီးတော့ အချိန်ရယ်၊ ဥပဒေ အကြောင်းအရာ၊ အချက်အလက်များကြောင့် ဒီအစီအစဉ်ကို ကျွန်တော်တို့ ဒီနေ့ လွှတ်တော်အတွင်းမှာ ဆောင်ရွက်နိုင်တာမရှိကြောင်း အသိပေးတင်ပြပါတယ်။ အစီအစဉ်အထဲမှာမပါတဲ့ နောက်အစီအစဉ်တစ်ခုကတော့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဆွေးနွေးခဲ့ကြတဲ့ မြန်မာနိုင်ငံနှင့်သင့်တော်မယ့် ရွေးကောက်ပွဲစနစ်ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် ဒီနေ့ လွှတ်တော်မှာ ကော်မရှင်ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ကျွန်တော်တို့ လွှတ်တော်မှာ ဆုံးဖြတ်အတည်ပြုဆောင်ရွက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကော်မရှင်ဖွဲ့စည်းမှုကို လွှတ်တော်ကို တင်ပြပါမယ်။ ကျွန်တော် ဖတ်ကြားရှင်းလင်းတင်ပြပါမယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ်(     /၂၀၁၄)**

**၁၃၇၆ ခုနှစ်၊     လ     ရက်**

**(၂၀၁၄ ခုနှစ်၊     လ     ရက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂ နှင့် ပုဒ်မ ၇၀ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

**မူကြမ်း**

| | | | |
|---|---|---|---|
| ၁။ | ဦးတင်မောင်ဦး | ရွှေပြည်သာမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသန်း | သာပေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၃။ | ဦးစိုင်းကျော် | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၄။ | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာဇော်မြင့်မောင် | ကျောက်ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၆။ | ဦးဉာဏ်ဆွေဝင်း | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၇။ | ဦးစိုးဝင်း | စမ်းချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၈။ | ဦးအောင်ဇင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၉။ | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၀။ | ဦးစိုင်းမောင်တင် | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၁။ | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၂။ | ဦးစောသိန်းအောင် | လှိုင်းဘွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၃။ | ဒေါ်မိမြင့်သန်း | ရေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၄။ | ဦးအောင်သိန်း | ရွာငံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၅။ | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၆။ | ဒေါ်ဇာတလဲမ်း | ထန်တလန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ၁၇။ | ဗိုလ်မှူးချုပ်တင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၈။ | ဦးဝင်းသိမ်း | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| ၁၉။ | ဦးဝင်းမြင့် | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| ၂၀။ | ဦးခင်မောင်စိုး | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| ၂၁။ | ဦးတင်ဝင်း | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင် |
| ၂၂။ | ဦးအောင်မြင်ထွန်း | ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် | အဖွဲ့ဝင် |

**မူကြမ်း**

အထူးကိစ္စရပ်များ လေ့လာဆန်းစစ်
သုံးသပ်ရေးကော်မရှင်

| | | | |
|---|---|---|---|
| ၂၃။ | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | အတွင်းရေးမှူး |
| | (အတွင်းရေးမှူးဆိုတာ ဒီကော်မရှင်ရဲ့ အတွင်းရေးမှူးဖြစ်ပါတယ်။) | | |
| ၂၄။ | ဦးသန်းဝင်း | တောင်တွင်းကြီးမဲဆန္ဒနယ် | တွဲဖက်<br>အတွင်းရေးမှူး |

**ကော်မရှင်၏သက်တမ်း**

၂။ ကော်မရှင်၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အများဆုံးရက်ပေါင်း ၆၀ သတ်မှတ်သည်။ သို့သော် ကော်မရှင်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေအရ အပြီးသတ်အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်အထိ ကော်မရှင်၏သက်တမ်းကို သတ်မှတ်သည်။

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မရှင်၏သက်တမ်းကာလအတွင်း ကော်မရှင်အဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ကော်မရှင်သည် ဤအမိန့်ကြော်ငြာစာဖြင့် တာဝန်ပေးသည့်လုပ်ငန်းနှင့် စပ်လျဉ်း၍-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ပြီး သင့်တော်သောစနစ်ကို ရွေးချယ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် ဆောင်ရွက်ရမည်။

(ဂ) ပညာရှင်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံသား မည်သူ့ကိုမဆိုဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဃ) ကော်မရှင်အဖွဲ့ဝင်များသည် အစည်းအဝေးများတွင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိသည်။

(င) ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အပေါ် မူတည်၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ် ဆောင်ရွက်နိုင်သည်။

**ရုံးလုပ်ငန်း**

၅။ (က) ကော်မရှင်၏ရုံးလုပ်ငန်းကိစ္စအဝဝကို ပြည်သူ့လွှတ်တော်က တာဝန်ယူဆောင်ရွက် ရမည်။

(ခ) ကော်မရှင်၏ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင်ကုန်ကျသောအသုံးစရိတ်များ၊ ကော်မရှင် မှဖိတ်ကြားသော ပြင်ပပုဂ္ဂိုလ်များ၏ တည်းခိုနေထိုင်စရိတ်နှင့် ခရီးစရိတ်တို့ကို ပြည်သူ့ လွှတ်တော် လွှတ်တော်ရုံး၏ အသုံးစရိတ်မှ ကျခံရမည်။

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ပဲ ဒီကော်မရှင်ဖွဲ့မယ်ဆိုတာကိုသိတဲ့အတွက် ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်ကနေပြီးတော့ စာတစ်စောင် ကျွန်တော့်ဆီပို့ပါတယ်။

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ကော်မရှင်ဖွဲ့စည်းရန် လျာထားမှုထပ်တိုးပေးရန် တင်ပြခြင်း။**

အထက်အကြောင်းအရာနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေ မှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်ပေးနိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ကော်မရှင်ဖွဲ့မည်ဆိုရာတွင် NDF ပါတီမှ နှစ်ဦးပါဝင်ခွင့်ရရှိသည်ဟု သိရပါသည်။ မိမိတို့ SNDP ပါတီမှ ဦးစိုင်းမောင်တင် တစ်ဦးတည်းသာ အမည်စာရင်းပေးထားသည်

**မူကြမ်း**

ရှိပါသဖြင့် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်းအား နောက်ထပ်တစ်ဦး ဖြည့်တင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်ဆိုပြီးတော့ ဒီလိုတင်ပြလာပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ NDF ပါတီကနှစ်ဦး ထည့်ထားခြင်းဟာ ဒီပါတီက အဆိုပြုတင်ပြတဲ့ကိစ္စအတွက် နှစ်ဦးထည့်ထားခြင်းဖြစ်ပါတယ်။ ကျန်တဲ့ ပါတီများကို ကြည့်မယ်ဆိုလို့ရှိရင် NLD ပါတီက နှစ်ဦးဖြစ်ပြီးတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငါးဦးဖြစ်ပါတယ်။ ကျန်ပါတီအငယ်များထဲက စုစည်းပြီးတဲ့အခါမှာကိုယ်စားပြုရွေးခဲ့ တဲ့ ပုဂ္ဂိုလ်များပါပါတယ်။ ကျန်ပါတီများက တစ်ဦးသာဖြစ်တဲ့အတွက် အခု ဦးစိုင်းမောင်တင်တို့ တင်ပြတဲ့ဟာကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်းကိုလည်း အသိပေးပြော ကြားလိုပါတယ်။ ဒီကော်မရှင်ရဲ့ အစီရင်ခံစာဟာ ဦးစိုင်းမောင်တင်တို့တင်ပြလာသလို အချိုးကျ ကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ကော်မရှင်ဖွဲ့မည့်အဆိုဟာ လွှတ်တော် အစည်းအဝေးမှာ ကျွန်တော်တို့ နောက်ဆုံး ကျွန်တော် လွှတ်တော်ကို အခြေအနေတွေတင်ပြပါတယ်။ တင်ပြတဲ့နေရာမှာ ခုနက တင်ပြထားတဲ့အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံတာလည်းဖြစ်ချင်ဖြစ် မယ်။ သို့မဟုတ်ရင် FPTP ကိုအခြေခံတာလည်း ဖြစ်ရင်ဖြစ်မယ်။ သို့မဟုတ် FPTP ရော၊ အချိုးကျ ကိုယ်စားပြုတာရော အခြေခံတာဖြစ်ရင်ဖြစ်မယ်။ အရေးကြီးတာက ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်ကို လေ့လာသုံးသပ်ဖော်ဆောင်ပေးဖို့ ဒီကော်မရှင် ဖွဲ့စည်းပေးတယ်ဆိုတာကိုတော့ ကိုယ်စားလှယ်များအားလုံး နားလည်ဖို့လိုပါလိမ့်မယ်။ အဲ့ဒီအတွက် လည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထဲက ပါတီကြီးတစ်ခုကနေပြီးတော့ လွှတ်တော် ဥက္ကဋ္ဌရဲ့ ဒီလို ရှင်းလင်းဆွေးနွေးချက်ကို ထောက်ခံတဲ့အတွက် ဒါကြောင့်မို့လို့ ထောက်ခံပြီးတဲ့အခါမှာ အဲ့ဒီနေ့က ဒီကော်မရှင်ဖွဲ့စည်းဖို့နဲ့ ပတ်သက်ပြီးတော့ ကန့်ကွက်ချက်မရှိ လွှတ်တော်က အတည်ပြု ဆုံးဖြတ်ခဲ့တယ်ဆိုတာကိုလည်း အားလုံးပြန်လည်စဉ်းစားပြီး သဘောပေါက်ဖို့လိုပါမယ်။ ကျွန်တော်တို့ ကော်မရှင်ဖွဲ့စည်းခြင်းဟာ မြန်မာနိုင်ငံနှင့် သင့်လျော်တဲ့ရွေးကောက်ပွဲစနစ်ကို ဖော်ဆောင်ပေးနိုင် ဖို့အတွက် ကော်မရှင်က အစီရင်ခံစာသုံးသပ်တင်ပြဖို့ပဲ ဖြစ်ပါတယ်။ တင်ပြလာတဲ့အစီရင်ခံစာ ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ထဲမှာဆွေးနွေးပြီးတဲ့အခါမှာ လွှတ်တော်ရဲ့အဆုံးအဖြတ်နဲ့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမှာတင်မပြီးသေးပါဘူး။ လွှတ်တော်ကဆွေးနွေးဆုံးဖြတ် အတည်ပြု ပြီးတဲ့ကိစ္စကိုလည်း ပြည်ထောင်စုလွှတ်တော်ကိုတင်ပြ။ ပြည်ထောင်စုလွှတ်တော်တင်ပြတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဆောင်ရွက်မှာဖြစ်တဲ့ကိစ္စဆိုတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး နားလည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်တဲ့

အခါမှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းလိုက်တဲ့အခါကျတော့မှ ဒီနေ့ ဆွေးနွေးပြောဆိုနေကြတဲ့ ဒီစနစ်ကိုကျင့်သုံးမယ်ဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုရှိ/မရှိဆိုတာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ အဆုံးအဖြတ်နဲ့သာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လုပ်ဆောင်တဲ့နေရာမှာ ကျွန်တော်အစက လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ပါတီခေါင်းဆောင်များကို ဖိတ်ကြားပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို မထိခိုက်စေအောင် အတတ်နိုင်ဆုံး မျှတစွာဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ကတိတစ်ခုပေးပြီးတော့ ကျွန်တော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပေးထားတဲ့ကတိအတိုင်းပဲ မျှမျှတတ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်းလည်း ထပ်လောင်း လွှတ်တော်ကို တင်ပြလိုပါတယ်။ ဒါကြောင့်မို့ အခုကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဖွဲ့စည်းလိုက်တဲ့ ကော်မရှင်အဖွဲ့ဝင် ပြီးတဲ့အခါမှာ ကော်မတီအဖွဲ့ဝင်များရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကော်မရှင်ဖွဲ့စည်းမှုအား အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ကော်မတီအဖွဲ့ဝင်များအနေနဲ့ ဒီနေ့ပဲ လွှတ်တော်အစည်းအဝေးပြီးတဲ့အချိန်မှာ ဥက္ကဋ္ဌတာဝန်ပေးခြင်းခံရသူမှ ဒီအဖွဲ့များကိုစုစည်းပြီးတဲ့အခါမှာ ပထမဦးဆုံးအကြိမ် အစည်းအဝေးကျင်းပဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျင်းပမယ့်အချိန်၊ ကျင်းပမယ့်နေရာကို ဥက္ကဋ္ဌက စီစဉ်ပြီးတော့ ကြိုတင်ပြီးတော့ အသိပေးထားပေးပါ။ အဲ့လိုမဆောင်ရွက်ခင် ဥက္ကဋ္ဌနဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့လည်း လိုရင်တွေ့ပါမယ်။ လွှတ်တော်ဥက္ကဋ္ဌကတော့ ဒီနေ့ ၂ နာရီမှာ အခြားကိစ္စရှိတဲ့အတွက် အဲ့ဒီမတိုင်ခင်ပဲ တွေ့မယ်ဆိုလို့ရှိရင် တွေ့လို့ရပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ယနေ့ပြီးဆုံးပါပြီ။ ဒီကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများရဲ့လိုအပ်ချက်၊ ဆန္ဒ၊ သဘောထားများကို ရယူ၍ မေးခွန်းတွေကို မေးမြန်းခဲ့ခြင်း၊

အဆိုတွေတင်သွင်းခြင်းများနဲ့ပတ်သက်၍ ယခုပထမအကြိမ် ဒသမပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၁၁၆၀ ခုရှိရာ ကြယ်ပွင့်ပြမေးခွန်း ၄၀၃ ခု၊ ကြယ်ပွင့်မပြ ၇၅၇ ခုဖြစ်ပါတယ်။ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၂၅၅ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၅၉၂ ခု ဖြေကြားနိုင် ခဲ့ပါတယ်။ အဆိုအနေနဲ့ ယခု ဒသမပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းဆွေးနွေးနိုင်ခဲ့တဲ့ အဆို ၁၄ ခုရှိပါတယ်။ ရုပ်သိမ်းအဆို ၆ ခု၊ အသင့်ဖြစ်၍ မတင်သွင်းရသေးသော အဆို ၁၃ ခုနဲ့ အသင့်မဖြစ်သေးသော အဆို ၆ ခုကျန်ရှိပါတယ်။ တင်သွင်းဆွေးနွေးခဲ့တဲ့ အဆို ၁၄ ခုတွင် အတည်ပြုအဆို ၂ ခု၊ အတည်မပြုအဆို ၁ ခုနှင့် မှတ်တမ်းတင်နိုင်ခဲ့သော အဆို ၁၁ ခု ဖြစ်ပါတယ်။

ဒီကာလအတွင်း တင်သွင်းလာတဲ့ ဥပဒေကြမ်း ၄၈ ခုဖြစ်ပြီး လွှတ်တော်တွင် ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ ပေးပို့နိုင်တာ ၂၈ ခု ဖြစ်ပြီး လွှတ်တော်တွင် ဆွေးနွေးနေတာ ၂၀ ခု ရှိပါတယ်။ ပထမပုံမှန်အစည်းအဝေးမှ ယခု ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကို ပြင်ပမှ လာရောက်လေ့လာသူပေါင်း ၃၂၈၇၅ ဦးရှိပြီး၊ နိုင်ငံခြားသား ၈၁၉ ဦး၊ မြန်မာနိုင်ငံသား ၃၂၀၅၆ ဦး ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရပ်နားချိန်မှာ ကိုယ်စားလှယ်များက မိမိတို့နှင့်သက်ဆိုင်တဲ့ နယ်မြေများသို့ သွားရောက်ပြီး ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် လိုအပ်ချက်များကို တွေ့မြင်ကြားသိပြီး စေတနာဖြင့် ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ရဲ့လွှတ်တော်နယ်မြေအတွင်း သွားရောက်ပြီး လွှတ်တော်ရေးရာလုပ်ငန်းများနှင့် ဆက်စပ်တဲ့ကိစ္စရပ်များကို မဖြစ်မနေ ဆောင်ရွက်ပေးဖို့လည်း တိုက်တွန်းချင်ပါတယ်။

ချစ်ခင်လေးစားရပါသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျန်းမာရွှင်လန်းပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်ရင်း ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြပါစေ။ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားအမှန်များကို ရရှိပြီး လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်နိုင်ကြပါစေ။ ပြည်သူများအတွက် ကောင်းကျိုးလိုရာများ ပြုလုပ်ပေးနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ပါတယ်။ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရန် တာဝန်ခံဆောင်ရွက်ရမည့်လုပ်ငန်းများကို စိတ်ကောင်းစေတနာများဖြင့် ဆောင်ရွက်ရင်း ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဆောင်ရွက်သွားမည်ဟု ယုံကြည်မျှော်လင့်ပါတယ်။

**မူကြမ်း**

(၁၁)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ကျန်းမာရွှင်လန်းစွာဖြင့် အားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ယနေ့အစည်းအဝေးပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့ကို ၁၃း၁၅ နာရီ အချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးပါသည်။]

**မူကြမ်း**